မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

+951 255 883, 255 885
info@mcb.com.mm
www.mcb.com.mm

ရက်စွဲ။ ၂၀၁၈ ခုနှစ်၊ ဧပြီလ( ၅ ) ရက်

# ဘဏ်ခွဲအသစ်ဖွင့်လှစ်ခြင်းအားအသိပေးခြင်း

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၂၅) ခုမြောက်ဘဏ်ခွဲဖြစ်သော ပဲခူးဘဏ်ခွဲအား (၄-၄-၂၀၁၈) ရက်နေ့၊ နံနက်ပိုင်းမှစ၍ဘဏ်ခွဲဖွင့်လှစ်ပြီး၊ ဖွင့်လှစ်သည့်နေ့မှစ၍ ဘဏ်လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာရှင်များသို့ အသိပေးကြေငြာအပ်ပါသည်။ အဆိုပါဘဏ်ခွဲအား အမှတ် (၁၁) မင်းလမ်းမကြီး၊ ဖိုင်းဂနိုင်းမြောက်ရပ်ကွက်၊ (၄) လမ်းနှင့် (၅) လမ်းကြား၊ ပဲခူးတိုင်းဒေသကြီးတွင် ဘဏ်ခွဲဖွင့်လှစ်ပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ယင်းပဲခူးဘဏ်ခွဲသည် (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ်အတွင်း ပထမအကြိမ်မြောက်ဖွင့်လှစ်သော ဘဏ်ခွဲဖြစ်ပြီး မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် ပဲခူးတိုင်းဒေသကြီးတွင် ဒုတိယမြောက်ဖွင့်လှစ်သည့်ဘဏ်ခွဲဖြစ်ပါသည်။ ဘဏ်ခွဲများတိုးချဲ့ဖွင့်လှစ်ခြင်းကြောင့် ဒေသခံပြည်သူများငွေကြေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင် လုံခြုံစိတ်ချရမှုရှိခြင်း၊ ငွေကြေးဆိုင်ရာလုပ်ငန်းများကိုအချိန်နှင့်တပြေးညီဆောင်ရွက်နိုင်ပြီး ပဲခူးတိုင်းဒေသကြီးနှင့်နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုကို တစ်ဖက်တစ်လမ်းအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**